# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။ )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၆ ခုနှစ်၊ လ ရက် )**

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုဆိုသည်။

(ဂ) ~~(ခ)~~ **နိုင်ငံသား** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း နိုင်ငံသားဖြစ်သူကို ဆိုသည်။

(ဃ) ~~(ဂ)~~ **ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကိုဆိုသည်။

(ခ) တရားစီရင်ပိုင်ခွင့်ရှိသောတရားရုံး ဆိုသည်မှာ အခန်း ၈ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အမြင့်ဆုံးတရားရုံးချုပ်ကို ဆိုလိုသည်။

(ဆ) ~~(ဃ)~~ **ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များလုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်ဥပစာလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ပါဝင်သည်။

(ဇ) ~~(င)~~ **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း(၂)

## နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးခြင်း

၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အပြည့်အဝရရှိခံစားခွင့်ရှိသည်။

၄။(က) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုနစ်နာဆုံးရှုံးခြင်းမရှိစေရန် ကာကွယ်ပေးရမည်။

၄။(ခ) ပါလီမန်ကော်မတီအား အခန်း ၈ (က) နှင့် (ဃ) တို့တွင် ပြဋ္ဌာန်းထားသော အစိုးရ၏ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ရမည်။

## အခန်း (၃)

## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်များ

၅။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် -

(က) တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး မည်သူ့ကိုမျှ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရန်တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ် အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်းသို့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးဖြစ်စေ အနည်းဆုံး သက်သေနှစ်ဦးနှင့်အတူဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် ဤဥပဒေ အရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက် ရမည်။ မိမိဌာနက အရေးယူဆောင်ရွက်ရမည့် ကိစ္စမဟုတ်ကြောင်း ပေါ်ပေါက်ပါက ကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း(၃၀)အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာနအဖွဲ့အစည်းတွင် တိုင်ကြားသင့်ကြောင်း အကြံပြုချက်ပါရှိရမည်။

## အခန်း(၄)
## တားမြစ်ချက်များ

၇။ မည်သူမျှ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့် ရှိသောတရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရ။

တရားစီရင်ပိုင်ခွင့်ရှိသောတရားရုံး၏ဝရမ်းစာမပါရှိဘဲ

၈။ ~~မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရရှိဘဲ~~ -

(က) နိုင်ငံသားတစ်ဦး၏နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုရ။

(ခ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အနှောင့်အယှက် ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်းနှင့် စုံစမ်းခြင်းမပြုရ။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာ တစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူ နားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်း မပြုရ။

(ဃ) ဆက်သွယ်ရေး အော်ပရေတာများထံမှ ပုဂ္ဂိုလ်ဆိုင်ရာ တယ်လီဖုန်းနှင့် အီလက်ထရောနစ် ဆက်သွယ်ရေး သတင်းအချက် အလက်များအား တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရ။

(င) အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာ ကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေး စာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ် တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

(စ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာ ကိစ္စများတွင် အဓမ္မဝင်ရောက် စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ။

(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း မတရားသိမ်းယူခြင်း မပြုရ။

၉။ တည်ဆဲဥပဒေ တစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင် ခွင့်ပြုမိန့် မရရှိဘဲ၊ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ သိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ။

၁၀။ မည်သည့်ရဲတပ်ဖွဲ့ စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက် ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့် အညီ ချက်ချင်းအရေးယူဆောင်ရွက်ရမည်။

## အခန်း (၅)
## ပြစ်ဒဏ်များ

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရ

လျှင် ထိုသူကို အနည်းဆုံး ခြောက်လ မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၂။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ် မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၂၅ သိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုလျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်း ထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

## အခန်း(၆)

## အထွေထွေ

၁၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၁၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်